# ကျွန်းဖိုပင်ကျေးရွာ

## ဆားလင်းကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ – ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွန်းဖိုပင်ကျေးရွာ၊ ဆားလင်းကြီးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၄

ကျွန်းဖိုပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆားလင်းကြီးမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

( ခ)  အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆)  ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ  ၁၇
(၇)  ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ  ၁၈
(၈)  ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ  ၂၀
(က)  နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ)  ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ)  ဦးစားပေး စီမံချက်များ
(ဃ)  အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉)  ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်  ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ  ၂၆
(က)  ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ)  ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ)  ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ)  ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း  ၂၈
(က)  ကြီးကြပ်စစ်ဆေးခြင်း
( ခ)  နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ)  နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ  ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**
**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**
**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ**
**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**
**ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**
(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ
**ဇယား** ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
**ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**
**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
**ဇယား** ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**
**ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ** (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၇
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

**နောက်ဆက်တွဲ** (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၀

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၆၆

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၆၇
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၆၇

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျွန်းဖိုပင်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော

နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ဆားလင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွန်းဖိုပင်ကျေးရွာ

ဆားလင်းကြီးမြို့နယ်

**ကျွန်းဖိုပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆားလင်းကြီးမြို့နယ်**




**ရည်ညွှန်း** – ကျွန်းဖိုပင်ကျေးရွာ၊ ကျိုင်းခမောက်ကျေးရွာအုပ်စု၊ဆားလင်းကြီးမြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်
နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့်အကူအညီများကိုအခြေခံကာဦးစ ားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြ င့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်းဖိုပင်ကျေးရွာသည်စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်ခရိုင်၊ဆားလင်းကြီးမြို့နယ်တွင် တည်ရှိသည်။ကျိုင်းခမောက်ကျေးရွာအုပ်စုတွင်ပါဝင်ပြီးဆားလင်းကြီးမြို့၏အနောက်ဘက်(၁၀)မိုင် အကွာပခုက္ကူ-ညောင်ပင်ကြီးကားလမ်းမကြီးဘေးတွင်တည်ရှိသည်။ကျေးရွာသည်မြေပြန့်ဒေသဖြစ်ပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြစ်သည်။မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်သောကြောင့် နှစ်စဉ်ရွာသွန်းသောမိုးရေချိန်မှာ (၃၀)မှ(၄၀)လက်မကြားရသောဒေသဖြစ်သည်။ကျေးရွာရှိစိုက်ပျိုးသီးနှံများမှာမိုးရေကိုသာအဓိကထား စိုက်ပျိုးရသည်။

### (ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာထန်း၊ မန်ကျည်း၊ဇီး၊တမာ၊ကုက္ကို၊ ရှား၊ထနောင်းနှင့်ဆူးဖြူစသောအပင် များပေါက်ရောက်သည်။စပါးသီးနှံစိုက်ပျိုးနိုင်သောလယ်(၂.၅)ကေ၊အိမ်ခြံဝင်းစိုက်ခင်း(၂.၃၅)ကေ၊နှစ်ရှည်သီးနှံစိုက်ခင်း(၄၉.၄)ကေ၊ယာမြေ(၁၅၁၃.၈၉)ကေရှိပြီးမိုးရေကိုသာအားထား စိုက်ပျိုးရသည်။ယာမြေများမှာအဓိကအားဖြင့် ကုလားပဲ၊မတ်ပဲ၊မြေပဲ၊နှမ်း၊နေကြာနှင့် ပဲစဉ်းငုံတို့ကို စိုက်ပျိုးကြသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

## (က)လူဦးရေဆိုင်ရာအချက်လက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၉၀)စုရှိပြီးကျား(၃၉၄)ဦး၊မ(၄၇၄)ဦး၊စုစုပေါင်းလူဦးရေ(၈၆၈)ဦးေ ေထိုင်ကြသည်။တစ်အိမ်လျှင်ပျှမ်းမျှ(၅)ဦးနှုန်းနေထိုင်ကြပြီးဗမာလူမျိုးများဖြစ်ကြသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူ(၁၅နှစ်မှ၆၀နှစ်) ကျား(၂၄၂)ဦး၊မ (၃၂၃)ဦးတို့ရှိသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ကျေးရွာတွင်ကျပန်းအလုပ်သမားများသည်သင့်တင့်သောနေ့စားလုပ်ခကိုရရှိကြသည်။တောင်သူများသည်ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊နှမ်း၊နေကြာ၊ပဲစဉ်းငုံစသောသီးနှံများစိုက်ပျိုးရရှိပြီးစီးပွားရေးအဆင်ပြေကြသည်။ ပွင့်လင်းရာသီတွင်ကျေးရွာမှနေ့စားအလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်ပန်းရံ၊လက်သမားနေ့စားအလုပ်လုပ်ခြင်းဖြင့်ဝင်ငွေရရှိကြသည် ။

ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင်အိမ်ထောင်စုအားလုံး၏ (၆၈)%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များ ဖြစ်ကြပြီး (၁၂)%သည်ချမ်းသာသည့် အဆင့်၊ (၂၀)%သည်အလယ်အလတ်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လျှပ်စစ်မီးလက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှု၊မြို့ပြဒေရိယာလက်လှမ်းမှီမှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာအသင့်အတင့်ရှိသည်ဟုပြောနိုင်ပါသည်။ ချမ်းသာသော လယ်သမား၊ ကုန်သည် အိမ်ထောင်စုများမှအပ အခြား လယ်သမားနှင့် ပန်းရံ လက်လုပ်လက်စား အိမ်ထောင်စုအချို့မှာလည်း စက်ချုပ်ခြင်း ဆန်ကြိတ် စက်၊ဆီကြိတ်စက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ငွေချေးပေးနိုင်သော အိမ်ထောင်စုအချို့၊ မွေးမြူရေးသိုးဆိတ်ခြံပိုင်ရှင်နှင့် အစိုးရဝန်ထမ်း အိမ်ထောင်စုအချို့သည် ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်(၇၈)စုထိရှိပြီး (၄၁%) ထိရှိကာဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်မြေယာမဲ့ဆင်းရဲသားအိမ်ထောင်စု(၇၈)စုရှိပြီးအဓိကဝင်ငွေရလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်း၊ရောင်းဝယ်ရေးနှင့်မွေးမြူရေးလုပ်ငန်းတွဲဖက်လုပ်ကိုင်ကြသည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ခေါင်းရွက်၊ပဲခွဲစက်၊အမှုန့်ကြိတ်စက်စသောတစ်ပိုင်တစ်နိုင်လုပ်င

န်းများကိုလည်းဝင်ရောက်လုပ်ကိုင်ကြသည်။**ကျေးရွာ၏ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု (ဂ) အဆင့်နှင့် (ဃ) အဆင့်မှ ၃၀% ဖြစ်သော အိမ်ထောင်စု(၃၉)စုကိုတွေ့ဆုံမေးမြန်းပြီးစစ်တမ်းကောက်ယူပါသည်။**
**ထိုသို့စစ်တမ်းကောက်ယူရာတွင် ဆင်းရဲနှင့်အလွန် ဆင်းရဲအဆင့်ရှိ အိမ်ထောင်စု(၃၄)စုသည် (၃လ)နှင့်(၆လ)အောက်သာ ဝမ်းစာဖူလုံပြီး ကျန်အိမ်ထောင်စု(၅)စုမှာ တနှစ်စာဝမ်းစာဖူလုံ၍ သူတစ်ပါးထံမှ မချေးမငှားပဲ စားသုံးနိုင်ကျကြောင်းတွေ့ရှိရပါသည်။ကျန်အချိန်များတွင် တစ်နေ့လုပ်တစ်နေ့စားအဖြစ် ရပ်တည်ရသည်။ကျေးရွာရှိလယ်ယာမဲ့ ဆင်းရဲသောအိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်ငန်းကိုသာ အများစုလုပ်ကိုင်ကြပြီး ဆောင်းသီးနှံရိတ်သိမ်းပြီးနောက်တွင်အလုပ်အကိုင်မရှိသောကြောင့် ဝမ်းစာဝယ်စားရန် အခက်အခဲနှင့်ကြုံတွေ့ရသည်။ကျေးရွာသည်မြေပြန့်ဒေသဖြစ်သောကြောင့် ချုံပုတ် ပေါများကာ အဆိပ်ပြင်းသောမြွေများရှိသောကြောင့် မြွေအန္တရာယ်စိုးရိမ်ရပါသည်။**

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။နှစ်စဉ်မိုးရာသီတွင်ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားကြောင်းတွေ့ရသည်။ ကျေးရွာသူ/သားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။
ကျေးရွာဆေးပေးခန်းမရှိသော်လည်းအခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာတွင်း ရရှိနိုင်သည်။ (၅မိုင်)အကွာအဝေးကို ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော တိုက်နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လက်လှမ်းမှီသည်။ကျေးရွာတွင်ဆန်အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊
အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊မိသားစုများနေ့စဉ်ဝင်ငွေအသင့်အတင့်ရှိသောကြေ ာင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘူယျအားဖြင့် အဟာရခာတ်ချို့တဲ့မှုမရှိကြပါ။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့် ကောင်းမွန်မှုရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေ ကျား(၂၈)ဦးမ(၄၂)ဦး ပေါင်း(၇၀)ဦးရှိပါသည်။ ပညာတတ်များမွေးထုတ်ပေးနိုင်သောကျေးရွာဖြစ်၍ အစိုးရဌာနများတွင်ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်တာဝန်ထမ်းဆောင်နေသောဝန်ထမ်းတစ်ဦးရှိပါသည်။ တက္ကသိုလ်များတွင်ပညာသင်ကြားနေသော ကျောင်းသားများလည်း ရှိပါသည်။ကျေးရွာတွင်အခြေခံပညာကိုကျေးရွာရှိအလယ်တန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာအသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက်အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျားမတန်းတူ အခွင့်အရေးရှိကြပြီးကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊အမျိုးသားများသည် ပျိုးနှုတ်ခြင်း၊လယ်ထွန်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ယဉ်ကျေးမှုပွဲတော်များတွင် (ဆောင်းရာသီတွင် တရားပွဲများကျင်းပခြင်း၊ ဆရာတော်၏ဦးဆောင်မှုဖြင့် နွေရာသီတွင် ယဉ်ကျေးမှု သင်တန်းဖွင့်ခြင်း) အမျိုးသားနှင့် အမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှု ကိစ္စရပ်များတွင်အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိကျားမတန်းတူအခွင့်အရေးရှိပါသည်။

**(ဇ) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသောအဖွဲ့(၉)ဖွဲ့ရှိသည်။ သီရိရတနာခမ္မစကြာ**အဖွဲ့**၊ဝံသပါလလူမှုကူညီရေးအသင်း၊မေတ္တာရှင်နာရေးကူညီမှုအသင်း၊ကျေး**ရွာမီ ီးသတ်အဖွဲ့**၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မိဘဆရာအသင်း၊

လျှပ်စစ်မီးလင်းရေးနှင့်ရေကော်မတီ၊ကျေးရွာဂေါပကနှင့်ဘုရားပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့တို့ဖြစ်သည်။ **ကျေးရွာ မိဘဆရာအသင်းအဖွဲ့သည် ကျေးရွာမူလတန်းကျောင်းတွင် လိုအပ်သည်များကို ဆရာများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးပါသည်။** ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှုရှိသော်လည်းအဖွဲ့အစည်းဆိုင်ရာသဘောတရားများနှင့်ပတ်သက်၍ အားနည်းကြသဖြင့် အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်သည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို (၁၉၉၇) နှစ်တွင် ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ရန်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ မြို့နယ်လျှပ်စစ်ဌာနနှင့်ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ခဲ့ခြင်း၊ မိုးရာသီကုန်ဆုံးပါကလမ်းမီးများပြုပြင်ခြင်းတို့ကိုဆောင်ရွက်သည်။ ကျေးရွာလူငယ်မီးသတ်အဖွဲ့သည် နွေရာသီမီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ အဖွဲ့အသီးသီး၏လုပ်ကိုင်ဆောင်ရွက်နေမှုသည် အချင်းချင်းချိတ်ဆက် ဆောင်ရွက်မှုနည်းသည်မှအပ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှုစံနစ်သည် ကောင်းမွန်သည့် အနေအထားတွင် ရှိပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရေကိုသာအဓိကထား၍ စိုက်ပျိုးကြရသည်။ ကျေးရွာတွင်စိုက်ပျိုးသော သီးနှံများမှာ ကုလားပဲ၊မြေပဲ၊ပဲစင်းငုံ၊နှမ်း၊ မတ်ပဲ၊နေကြာ၊ပြောင်းစသည်တို့ကိုအဓိကထားစိုက်ပျိုးကြသည်။ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင်ကုလားပဲ(၁၅)တင်း၊မြေပဲ(၂၈)တင်း၊ပဲစင်းငုံ(၁၂)တင်း၊နှမ်း(၁၀)တင်း၊နေကြာ(၁၇)တင်းခန့်ထွက်ရှိပါသည်။တောင်သူအများစုသည်လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာရင်ဆိုင်ရတတ်သည်။စိုက်ခင်းများတွင်ကျရောက်တတ်သောဖျက်ပိုးများအတွက်ထိရောက်သောပိုးသတ်ဆေးနှင့် နှိမ်နင်းရေးနည်းစနစ်များကို တောင်သူများအနေဖြင့် လိုအပ်လျှက်ရှိသည်။

ကျေးရွာမှ အိမ်ထောင်စု (၂၅)စုခန့်သည် စီးပွားဖြစ် သိုး၊ဆိတ်၊ဝက် မွေးမြူရေးကို လုပ်ကိုင်ကြပြီး အခြားသားငါးထုတ်လုပ်ရေးကဏ္ဍ အနေဖြင့် ကျေးရွာမှ အိမ်ထောင်စု(၄)စုသည် ဥ/အသားစားကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာမှလယ်ယာမဲ့ အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက်အစိုးရဝန်ထမ်း၊ စက်ချုပ်ခြင်း၊ဆီကြိတ်စက်၊ပဲခွဲစက်၊လက်လီလက်ကားရောင်းဝယ်ခြင်း စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာတွင်းမှ သိုးဆိတ်ခြံများတွင်အငှားကျောင်းခြင်း စသော အငှားဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ အချို့ အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသည်။လက်လုပ်လက်စားများ ဖြစ်၍ စိုက်ပျိုးရေးရာသီချိန်တွင် အလုပ်အကိုင်ပေါ်များပြီး ကျန်ကာလများတွင် လုပ်ငန်းနှင့်ဝင်ငွေမမှန်ခြင်းကြောင့် စားဝတ်နေရေးခက်ခဲသည်။လူငယ်အများစုသည် ရန်ကုန်မြို့၊ မန္တလေး၊မုံရွာမြို့စသော မြို့ကြီးများ တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌နေ့စားလုပ်သားများအဖြစ်ဝင်ရောက်လုပ်ကိုင်ကြသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာမှ သဘာဝအလျောက် ပေါက်ရောက်သော သစ်ပင်များသည် ထင်းလောင်စာ ထုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုနှင့် ရင်ဆိုင်နေရသည်။စိုက်ပျိုးမြေများတွင်လည်း နှစ်စဉ်ဆက်တိုက် ဓာတ်မြေသြဇာများ အသုံးပြုခြင်း၊နွားချေးနှင့်သစ်ရွက်ဆွေးစသော သဘာဝမြေသြဇာများ မထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုးမြေများတွင် မြေဆီလွှာများ အဆင့်အတန်း ကျဆင်းလာ ကြောင်း တွေ့ရသည်။ သိုးဆိတ်ခြံများတိုးချဲ့ မွေးမြူလာသောကြောင့် မိုးရာသီတွင် အနံ့ အသက်ဆိုးရွားပြီး ကျန်းမာရေးအတွက် စိုးရိမ်နေရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဆားလင်းကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူလယ်သမားများအား စပါးသီးနှံတစ်ဧကလျှင် ချေးငွေ(၁၅၀,၀၀၀)ကျပ်နှုန်း၊ တောင်သူတစ်ဦးကိုအများဆုံး(၁၀) ဧကအထိထုတ်ချေးပေးပါသည်။ ချေးငွေကာလမှာ(၆)လခန့်ဖြစ်၍ အတိုးနှုန်းမှာတနှစ်လျှင် (၄.၂%) ဖြစ်သည်။ မိုးစပါးနှင့်ယာသီးနှံနှစ်သီးစလုံးချေးငွေရရှိကြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယာသီးနှံများအတွက်ချေးငွေမှာတစ်ဧက(၂၀,၀၀၀)ကျပ်နှုန်းဖြစ်သည်။ ကျေးရွာသမဝါယမအသင်းဖွဲ့စည်းထားပြီးမြို့နယ်သမဝါယမဌာနသည် အဖွဲ့ဝင်များကိုချေးငွေထုတ်ပေးပြီးအတိုးနှုန်းမှာ(၁.၅%)ဖြစ်သည်။ ထို့ပြင်ဆားလင်းကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေစုဆောင်းခြင်း၊ ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်ကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများအတွက်

သက်သာသောအတိုးနှုန်းဖြင့် ချေးငွေဝန်ဆောင်မှုများမရှိပဲ လိုအပ်သောအခါ ချမ်းသာသော အိမ်ထောင်စုများထံမှချေးယူရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အလယ်တန်းပညာရေးကို သင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေ (၄၆) ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၅၅) ဦး ရှိသည်။ အထက်တန်းကျောင်းသားဦးရေ စုစုပေါင်း (၃၀) ဦးရှိပြီး ကျားတက်ကျေးရွာအထက်တန်းကျောင်း တွင် တက်ရောက် ပညာသင်ကြားနေသည်။ တက္ကသိုလ်ပညာ သင်ကြားနေသူ (၂၃) ဦး၊ တက္ကသိုလ်ဘွဲ့ရသူဦးရေ (၇၀) ဦး ရှိပါသည်။ ကျေးရွာတွင် မိဘဆရာအသင်းရှိပြီး ကျေးရွာပညာရေး တိုးတက်ရေးအတွက် ကျောင်းအသုံးအဆောင် ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ ကျောင်းဆရာများ နေထိုင်ရန် စီစဉ် ပေးခြင်း စသောကိစ္စများကို ကျေးရွာမိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ကျောင်းစာသင် ဆောင် အနေအထားမှာ လုံလောက်မှုရှိပါသည်။ ကျောင်းသုံး ပရိဘောဂ လုံလောက်ပြီး ဆရာ/ဆရာမဦးရေ လုံလောက်မှု မရှိပါ။

ကျေးရွာတွင်ဆေးပေးခန်းမရှိသော်လည်း ကာကွယ်ဆေးတိုက်ကျွေးခြင်းကျန်းမာရေးဝန် ဆောင်မှုများရရှိပါသည်။ ရွာအနီး ကံနီကျေးရွာဆေးပေးခန်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အရေးပေါ်လူနာများအအတွက် ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်သကဲ့သို့ ကလေးငယ်များ အတွက်လည်း ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များ ရရှိနိုင်ပါသည်။ ကျေးရွာနှင့် (၅) မိုင်သာ ကွာဝေးသော ကျားတက်တိုက်နယ်ဆေးရုံတွင်လည်း ဆေးကုသမှုခံ ယူနိုင်ပါသည်။ ကျားတက်ကျေးရွာသည် လျှပ်စစ်မီးရရှိသော ရွာဖြစ်သည့်အလျောက် လိုအပ်သောဆေးများအတွက် အအေးခန်းဖြင့် သိုလှောင်ရန်ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။ သောက်သုံးရေအတွက် အိမ်ထောင်စုများသည် ရွာပိုင်ရေတွင်းမှရေပိုက်လိုင်းဖြင့် အလွယ်တကူရေသွယ်ယူ သုံးစွဲကြပြီး လုံလောက်မှုရှိသည်။

ကျေးရွာသည် သိုးဆိတ်မွေးမြူရေးကိုစီးပွားဖြစ် လုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင်အနံ့အသက် ဆိုးရွားပြီးကျန်းမာရေးအတွက်စိုးရိမ်ရပါသည်။ ကျေးရွာမှအချို့ အိမ်ထောင်စုများသည် ပလပ်စတစ်အမှိုက်များ အညစ်အကြေး စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။ သန့်ရှင်းသောရေအား ကောင်းစွာသုံးစွဲနိုင်သော ကျေးရွာဖြစ်သော ကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေး အဆင့်အတန်း ကောင်းမွန်ပါသည်။ ကျေးရွာတွင်

အိမ်ထောင်စု (၁၈၉) ခန့် ယင်လုံအိမ်သာသုံးစွဲနိုင်ကြသောကြောင့် စနစ်တကျအညစ်အကြေးစွန့်ပစ်မှု ရှိပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။ လူငယ်များသည်ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင် နိုင်ခြင်းမရှိသေးချေ။ကျေးရွာသည် ဗုဒ္ဓဘာသာဝင်များနေထိုင်သော ကျေးရွာဖြစ်သောကြောင့်နှစ်စဉ် ဝါကျွတ်ပွဲတော်ကို ရိုးရာအစဉ်အလာတိုင်း ကျင်းပပါသည်။နှစ်သစ်ကူး သင်္ကြန်ကာလတန်ခူးလတွင် လူငယ်များသည်ရေကစားခြင်း၊လူကြီးများသည် ဘုန်းတော်ကြီးကျောင်းတွင် ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် ဗုဒ္ဓဘာသာရိုးရာ အစဉ်အလာနှင့်အညီ ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)**

ကျေးရွာသည်မဟာဓာတ်အားလိုင်းမှ၁၉၉၇ခုနှစ်တွင် ကိုယ်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ခဲ့သောကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်ပါသည်။ ကျေးရွာအိမ်ထောင်စု (၁၉၀) စုရှိသည့်အနက်(၁၈၆)အိမ်ထောင်စုသည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းရှိပါသည်။ ကျန်(၄)အိမ်ထောင်စုခန့်သည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပဲ ဆိုလာစနစ်ဖြင့်သာ သုံးစွဲကြပါသည်။

ပခုက္ကူ ဆားလင်းကြီး မုံရွာသို့ ဆက်သွယ်သောကားလမ်းမသည် ကတ္တရာလမ်းဖြစ်သောကြောင့် ကောင်းမွန်သည်။ ဆက်သွယ်ရေး ကွန်ယက် များအားလက်လှမ်းမီခြင်းရှိပြီး ကျေးရွာသားအများစုသည် လက်ကိုင်ဖုန်း များသုံးစွဲနိုင်ကြပြီးသတင်းအချက်လက်များရရှိကြပါသည်။

**(စျ) ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး**

ကျွန်းဖိုပင်ကျေးရွာသည် ဆားလင်းကြီးမြို့နယ်တွင် ကျိုင်းခမောက်ကျေးရွာအုပ်စုအဖြစ်ပါဝင်ပြီး ကျေးရွာ အုပ်ချုပ်ရေးမှူးတစ်ဦးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးအတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ကျားတက်ရဲစခန်းမှလုံခြုံရေးဝန်ဆောင်မှုများရရှိပြီးကျေးရွာတွင်ကြီးမားသောရာဇဝတ်မှုများမရှိပါ။ ကျားတက်ရဲစခန်းမှ နယ်ထိန်းရဲများ လုံခြုံရေးကင်းလှည့် ဆောင်ရွက်သော ဝန်ဆောင်မှု ရရှိပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က)ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာသည်မြေပြန့်ဒေသဖြစ်ပြီးလယ်ယာမြေများသည်မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သောကြောင့် နှမ်း၊ပဲစဉ်းငုံ၊မတ်ပဲ၊ပဲတီစိမ်း၊မြေပဲ၊ကုလားပဲစသည့်သီးနှံများ စိုက်ပျိုးနိုင်ကြသည်။မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်သေချာမှုများရရှိနိုင်လျှင်ယခုထက်ပိုမို၍အထွက်တိုးနိုင်ရန်အလားအလာကောင်းများရှိပါသည်။ဆားလင်းကြီး ပခုက္ကူ မုံရွာဆက်သွယ်သောလမ်းမဘေးတွင် တည်ရှိပြီးမြို့ပြနှင့်နီးသောကြောင့်လုပ်သားဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းခြင်း၊စက်ရုံများ၊ဆောက်လုပ်ရေးလုပ်ငန်းများ စသည်တို့တွင်သွားရောက်လုပ်ကိုင်နိုင်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးသွင်းအားစုများအလွယ်တကူရနိုင်ခြင်း၊ ထုတ်ကုန်များအတွက်ကုမ္ပဏီများနှင့်တိုက်ရိုက်ဆက်သွယ်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးအဆင်ပြေလွယ်ကူခြင်းမွေးမြူရေး၊စိုက်ပျိုးရေးထွက်ကုန်များအားပခုက္ကူ၊မုံရွာဈေးကွက်များသို့ တိုက်ရိုက်ရောင်းဝယ်မှုများပြုလုပ်နိုင်ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန်သင့်တင့်သောအတိုးနှုန်းဖြင့်ချေးငွေလက်လှမ်းမီရန်လိုအပ်ပါသည်။မြို့ပြနှင့်နီးသောကျေးရွာဖြစ်၍ လက်ရှိစိုက်ပျိုးမြေဧရိယာအပြင်တိုးချဲ့ရန်မြေနေရာမရှိတော့ပါ။ဆောင်းသီးနှံ၊ မိုးသီးနှံ၊ ဟင်းသီးဟင်းရွက်စသည်တို့တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းနည်းများ (ဥပမာ – ကျေးရွာတွင် ကုလာပဲညိုးသေရောဂါကြောင့် ဆိုးရွားစွာအထွက်နှုန်းထိခိုက်ခြင်း)၊ ဆောင်းသီးနှံတို့အပြင်ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးနိုင်ရန် အတွက်နည်းပညာနှင့်ဝန်ဆောင်မှုများလိုအပ်လျှက်ရှိပါသည်။ကျေးရွာဆေးပေးခန်းနှင့် ပုံမှန်ကျန်းမာရေးပညာပေးအစီအစဉ်များနှင့်ဝန်ဆောင်မှုများရရှိရန် ကျန်းမာရေးဌာနသို့

တင်ပြဆောင်ရွက်ရမည်။ထို့ပြင်မြို့နယ်လျှပ်စစ်ဌာနနှင့်ဆက်သွယ်၍
ကျေးရွာနေအိမ်အချို့လျှပ်စစ်မီးသုံးစွဲနိုင်ရန်လိုအပ်
နေသေးသောကြောင့်လျှပ်စစ်မီးလိုင်းများတိုးချဲ့ရေးဆောင်ရွက်ရန်လိုအပ်ပါသည်။နွား၊သိုး၊ဆိတ်၊ဝ
က်၊ကြက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်သက်သာသောအတိုးနှုန်းဖြင့်ရင်းနှီးငွေရရှိရန်
လိုအပ်နေခြင်း
စသည်တို့သည်ကျေးရွာ၏အဓိကကျော်လွှားရမည့်အဟန့်အတားများနှင့်စိန်ခေါ်မှုများဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျွန်းဖိုပင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာယေဘု
ယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။
ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးရေးစီ
မံကိန်းများ ရေးဆွဲကြသောအခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ
ရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင်ရောက်ရှိရေး
အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ
ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး
ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့်
ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့်
ကုန်စည်ကူးသန်းသွားလာရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရမည်။

(၂)
ကျေးရွာမှတောင်သူလယ်သမားများသည်စပါး၊ဂျုံ၊ကုလားပဲ၊ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်
အောင်ဆောင်ရွက်ခြင်းဖြင့်သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီးစီးပွားရေအဆင့်အတန်းမြင့်မားလာ
စေရမည်။

(၃) အတိုးသက်သာစွာဖြင့် ချေးငွေရရှိစေပြီး သိုး၊ဆိတ် ဝက်မွေးမြူရေးလုပ်ငန်းများ
တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားတို့၏ ဝင်ငွေတိုးတက်လာပြီး လူနေမှု အဆင့်
အတန်း မြင့်မားလာစေ ရမည်။

(၄) ကျန်းမာရေးဆေးပေးခန်း လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း၊ ပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားများ ကျန်းမာရေးဗဟုသုတ ပြည့်ဝလာ၍ ကျန်းမာရေး အဆင့်အတန်း မြင့်တက်လာစေရမည်။

**(ခ) နည်းဗျူဟာ**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကိုရယူမည်။ ငွေကြေး၊ နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ နှင့် ဆက်သွယ်၍ ဈေးငွေရရှိ အောင်ဆောင်ရွက်ပြီး သိုး၊ဆိတ်၊ဝက်၊ စသော မွေးမြူရေး တိုးချဲ့ လုပ်ကိုင်မည်။ ကျေးရွာကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့ ဆက် သွယ်တင်ပြ၍ ကျေးလက်ဆေးပေးခန်းနှင့်ပညာပေးအစီအစဉ်များ ရရှိအောင်ဆောင် ရွက်ခြင်းဖြင့် ကျန်းမာရေး အဆင့်အတန်းမြင့်တက်အောင် ဆောင်ရွက်မည်။ ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်း၊ မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများမှ ရရှိထားသောနည်းပညာများကို ကျေးရွာသူ/သားများအား မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

၍ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ**

ကျွန်းဖိုပင်ကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံနှင့် ဆောင်းသီးနှံများအတွက် (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ကျွန်းဖိုပင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ မုံရွာမြို့၊ ပခုက္ကူမြို့နှင့် မကွာဝေးသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်ပြောင်းလဲလုပ်ကိုင်ရန်

လိုအပ်သောလုပ်ငန်းများ၊ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသောဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

## (၈)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (၃) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာ သူ/သား အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု** | **စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုတိုးတက်ရေးစီမံကိန်း**<br>၁။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် | | | လက်ရှိအဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းဆောင်ရည်များကိုတည်ဆောက်မည်၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၊ စီးပွားရေးအဖွဲ့များဖွဲ့စည်းနိုင်ရေး ကူညီဆောင်ရွက်မည်။ အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်မြို့နယ်နှင့်ပြင်ပအထောက်အပံ့များရရှိအောင်ဆောင်ရွက်မည်။ | **ကျေးလက်ဦးစီး** |
| **စိုက်ပျိုးရေး** | **စိုက်ပျိုးရေး သီးနှံတိုးတက်ထုတ်လုပ်ရေးစီမံကိန်း**<br>၂။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း<br>၃။စိုက်ပျိုးရေးစရိတ်ချေးငွေ လုံလောက်စွာရရှိရန်ဆောင်ရွက်ခြင်း | | | စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍သီးနှံရောဂါကာကွယ်နှိမ်နင်းနည်း၊မျိုးကောင်းမျိုးသန့်များရရှိရေးစသည့်နည်းပညာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။တောင်သူလယ်သမားအဖွဲ့ဖွဲ့စည်းပြီးအောက်ပါလုပ်ငန်းများကို ဆောင် ရွက်မည်။<br>(က)ကုလားပဲမျိုးကောင်းများရရှိအောင်ဆောင်ရွက်ခြင်း<br>(ခ)သီးလှည့်စိုက်ပျိုးရေးနည်းပညာများရှိအောင်ဆောင်ရွက်ခြင်း<br>(ဂ)သဘာဝမြေသြဇာများကိုပိုမိုသုံးနိုင်ရေးနှင့်နည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း<br>စသောအစီအစဉ်များပါဝင်မည်ဖြစ်သည်။ | **စိုက်ပျိုးရေး** |
| **မွေးမြူရေး** | **စီးပွားဖြစ်တိရစ္ဆာန်မွေးမြူ ရေးလုပ်ငန်းများတိုးတက်ရေးစီမံကိန်း**<br>၄။ရောဂါကာကွယ်ရေးအတွက်မွေးကုဦးစီးဌာနနှင့်ပူးပေါင်း၍ ကာကွယ်ဆေးပုံမှန်ထိုးနှံခြင်း<br>၅။ဥစားကြက်၊အသားစားကြက်များတိုးချဲ့မွေးမြူ | | | နွား၊သိုး၊ဆိတ်များတိုးချဲ့မွေးမြူနိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများလက်လှမ်းမီရေးဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ရောဂါကာကွယ်ဆေးများစုပေါင်းထိုးနှံခြင်း၊မွေးမြူရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ဥစားကြက်၊အသားစားကြက်မွေးမြူခြင်းများဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ | **မွေးကုဦးစီးဌာန** |

| | | | | | |
|---|---|---|---|---|---|
| | ခြင်း | | | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | **အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ခြင်း စီမံကိန်း**<br><br>၆။ဆီကြိတ်စက်၊အမုန့်ကြိတ်စက်၊ပဲခွဲစက်များတည်ထောင် ခြင်း | | | ကျွမ်းကျင်မှုနှင့်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများဖန်တီးပေးခြင်းနည်းပညာနှင့်ငွေကြေးအကူအညီများရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်များဖြစ်သည်။<br><br>• ဝန်ဆောင်မှုလုပ်ငန်းများ (ပို့ဆောင်ရေး၊စက်ပြင်စသည်)<br>• ကုန်ချောထုတ်လုပ်မှုအတတ်ပညာများ | |
| **ဘဏ်စနစ်နှင့်ငွေရေးကြေးရေးလုပ်ငန်းများ** | **ငွေကြေးဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း**<br><br>၇။ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | | | စိုက်ပျိုးစရိတ်၊တိရစ္ဆာန်မွေးမြူရေးနှင့်အခြားဝင်ငွေရလုပ်ငန်းများတိုးတက်ရေးအတွက်ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာစွမ်းရည်များမြှင့်တင်ခြင်း၊ကျေးရွာအဖွဲ့စည်းများကိုယ်တိုင်စီမံခန့်ခွဲသောငွေစုငွေချေးစနစ်တည်ထောင်ခြင်း၊ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းတို့ပါဝင်ပါမည်။ | |
| **ကျန်းမာရေး** | **ကျေးလက်ကျန်းမာရေးဝန်ဆောင်မှုများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း**<br><br>၈။ကျေးလက်ဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်း<br><br>၉။ကျေးလက်ကျန်းမာရေးပညာပေးအစီအစဉ်များနှင့်ဝန် ဆောင်မှုများရှိ အောင်ဆောင်ရွက်ခြင်း<br><br>၁၀။ကျေးရွာတွင်းရေနုတ်မြောင်းတူးဖော်ခြင်းနှင့်ရေသုံးစွဲရာတွင် စံနစ်တကျသုံးစွဲခြင်းနှင့်ရေမဝပ်အောင်ဆောင်ရွက်ခြင်း | | | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့တင်ပြ၍ကျေးလက်ကျန်းမာရေးဌာနအတွက်ကျန်းမာရေးဝန်ထမ်းရရှိအောင်တင်ပြမည်ဖြစ်သည်။<br><br>ကျေးရွာတွင်းရေဝပ်သောနေရာများကိုရေနုတ်မြောင်းများတူးဖောင်နိုင်ရန်မိုးရာသီကုန်ဆုံးပါကကျေးရွာသားများနှင့်ဆွေနွေးတိုင်ပင်ညှိနှိုင်း၍ရေနုတ်မြောင်းများတူးဖော်ခြင်းဆောင်ရွက်မည်။<br><br>ကျေးလက်ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ကျေးရွာအတွက်ကျန်းမာရေးပညာပေးအစီအစဉ်များရရှိအောင်ဆောင်ရွက်မည်။ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များရရှိအောင်ဆောင်ရွက်မည် | **ကျန်းမာရေးဌာန** |

| | | | | | |
|---|---|---|---|---|---|
| **ပညာရေး** | **ကျေးရွာပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိ** <br><br> **န်း**၁၁။လိုအပ်နေသော <br><br> ပညာရေးဝန်ထမ်းများရရှိအောင်ဆောင်ရွက်ခြင်း( <br><br> ၅၀စုံ) | | | ကျေးရွာပညာရေးကော်မီတီဖွဲ့စည်းပြီးပညာရေးဌာနသို့တင်ပြ အောက်ပါလုပ်ငန်းများဆောင်ရွက်မည်။ <br><br> ကျေးရွာပညာရေးကော်မတီကိုဖွဲ့စည်း၍ကျေးရွာအလယ်တန်း ကျောင်းတွင်လိုအပ်နေသောပညာရေးဝန်ထမ်းများရရှိနိုင်ရန်မြို့န ယ်ပညာရေးဌာနနှင့်ချိတ်ဆက်၍အကောင်အထည်ဖော်ဆောင်ရွ က်သွား မည်ဖြစ်သည်။ | |
| **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား** | **လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ** <br><br> ၁၂။စက်ယန္တရားမောင်းသင်တန်း၊အီလက်ထနစ်စံ က်ပြုပြင်သင်တန်း၊လျှပ်စစ်စက်ကရိယာပြုပြင်ရေ းသင်တန်းများလူငယ်များရရှိအောင်ဆောင် ရွက်ခြင်း | | | စိတ်ဝင်စားသောလူငယ်များနှင့်ရပ်မိရပ်ဖများပူးပေါင်းပြီးနွေရာ သီယဉ်ကျေးမှု သင်တန်းဖွင့်လှစ်ရန်ဆောင်ရွက်မည်။ <br><br> စာကြည့်တိုက်ထိန်းသိမ်းရေးကော်မတီကိုပြန်လည်ဖွဲ့စည်း၍ မြို့နယ်ပြန်ဆက်ဌာနနှင့်ဆက်သွယ်ပြီးစာကြည့်တိုက်ပုံမှန်ဖွင့် လှစ်ခြင်းနှင့်၊စာအုပ်များရရှိဆောင်ရွက်မည်။အသက်မွေးဝမ်းကျေ ာင်းမှုသင်တန်းပေးသောအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင် ရွက်ပြီးလူငယ်များအတွက်အောက်ပါအတတ်ပညာများရရှိအောင် ဆောင်ရွက်မည်။ | |
| **ကျေးရွာအ ဆောက်အအုံ** | **ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုး တက်ရေးစီမံကိန်း** <br><br> ၁၃။ကျေးရွာတွင်းလမ်းများပြုပြင် ခြင်း၊ကျောက်စရစ်ခင်းခြင်း <br><br> ၁၄။ကျေးရွာစာကြည့်တိုက် ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း | | | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်ကျေးလက်ဦးစီးဌာန နှင့်ဆက်သွယ်၍ဆက်သွယ်တင်ပြ ဆောင်ရွက်မည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ဆောက်လုပ်ရေး ဆပ်ကော်မတီသည်ရန်ပုံငွေနှင့်ဆောက်လုပ်ရေးလုပ်ငန်းနည်းပ ညာအထောက်အပံ့ရရှိနိုင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။ | **ကျေးလက်ဦးစီး** |

| | | | | | |
|---|---|---|---|---|---|
| | | | | | |

